# ကယ်တင်ခြင်းနှင့် ကယ်တင်ရှင်
# (Salvation and Saviour)

**ဇော်သူလင်း**

ချစ်စွာသောဓမ္မမိတ်ဆွေ ကယ်တင်ခြင်းနှင့် ကယ်တင်ရှင်ကို ရှင်းလင်းစွာနားလည်သဘောပေါက်ဖို့ရန် အရေးကြီးလှပါသည်။ သင်သည် ကယ်တင်ခြင်းအကြောင်းကို သိသောသူလား၊ ကယ်တင်ရှင် (ယေရှု) ကို ရသောသူလား၊ ရှင်းလင်းပြတ်သားဖို့ အရေးကြီးပါသည်။

**ကယ်တင်ခြင်း (Salvation)**

ကယ်တင်ခြင်းဆိုသည်မှာ ကယ်တင်ရှင် (ယေရှု) အားဖြင့် ဖြစ်ပေါ်လာသော ခံစားရသော အရာဖြစ်ပါသည်။ ထို့ကြောင့် ကယ်တင်ခြင်းနှင့် ကယ်တင်ရှင် (ယေရှု) မည်သည်က အဓိကကျပါသနည်း။ ကယ်တင်ရှင် (ယေရှု)က အဓိကကျသည်။ ပြတ်ပြတ်သားသား အဖြေပေးလိုပါသည်။ ကယ်တင်ရှင်မရှိဘဲ ကယ်တင်ခြင်းအကြောင်းအရာများ ရှိမလာနိုင်ပါ။ ဖန်ဆင်းရှင်မရှိဘဲ ဖန်ဆင်းထားသော အရာများ ရှိမလာနိုင်သည့် သဘောဖြစ်ပါသည်။

**ကျမ်းတတ်များ (Scribes)**

**"ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင် ကျမ်းပြုဆရာရှိသမျှတို့ကို စုဝေးစေ၍ ခရစ်တော်ကို ဘယ်အရပ်မှာ ဘွားမြင်လိမ့်မည်နည်းဟု မေးမြန်းတော်မူ၏" (မဿဲ ၂း၄)**

ရှင်မဿဲ (၂) မှာ ခရစ်တော်ဖွားမြင်ခြင်းအကြောင်းတွေ့ရပြီး ခရစ်တော်ဘယ်အရပ်မှာဖွားမြင်မယ်ဆိုတာကို ဟေရုဒ်မင်းကြီးက ကျမ်းတတ်များကို မေးတဲ့အခါမှာ **"ထိုဆရာတို့ကလည်း ပရောဖက်တစ်ဦးရေးထားသော အချက်ဟူမူကား၊ အို ယုဒပြည်ဗက်လင်မြို့၊ အစိုးရသောယုဒမြို့တွင် သင်သည် မြို့ငယ်မြို့ယုတ်မဟုတ်။ အကြောင်းမူကား ငါ၏ ဣသရေလအမျိုးကို အုပ်စိုးသော အရှင်သည် သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့ဟု ကျမ်းလာရှိပါ၏။ ထို့ကြောင့် ယုဒပြည်ဗက်လင်မြို့၌ ခရစ်တော်ကိုဘွားမြင်ရပါမည်ဟု မင်းကြီးအား ပြန်ကြားလျှောက်ထားကြ၏။" (ရှင်မဿဲ ၂း၅-၆)**

ကျမ်းတတ်များသည် ကယ်တင်ရှင်ယေရှုနှင့် ပတ်သက်သောအကြောင်းကို အားလုံးသိသောသူများဖြစ်ပါသည်။ ဟေရုဒ်မင်းကြီး၏မေးခွန်းကို ချက်ခြင်းပင်ပြန်လည်ဖြေကြားနိုင်ပါသည်။ သူတို့သည် ကျမ်းစာကို နှံ့စပ်ကျွမ်းကျင်သောသူများဟု သိနားလည်ရပါသည်။ သို့သော် ထိုသူတို့သည် သခင်ယေရှုကို သွားရောက်ဖူးတွေ့ပူဇော်ခြင်းမရှိပါ။

**"ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်ကြ၏။ သင်တို့အသက်ကိုရအောင် ငါ့ထံသို့လာခြင်းငှာ အလိုမရှိကြ" (ယော ၅း၃၉-၄၀)**

ဤစကားကလည်း ကျမ်းစာသိသောသူများကို သခင်ယေရှုက ပြောနေခြင်းဖြစ်ပါသည်။ ကျမ်းစာကို နှံ့နှံ့စပ်စပ်သိကြသော်လည်း သခင်ယေရှုနှင့် နဖူးတွေ့၊ ဒူးတွေ့ မတွေ့ဖူးသေးသောသူများဖြစ်ပါသည်။ ယနေ့လည်း ဓမ္မတက္ကသိုလ်များစွာ၌ ကျမ်းစာသိသောသူများကို မွေးထုတ်ပေးလျက်ရှိနေပါသည်။ ဓမ္မတက္ကသိုလ်များတွင် ကျမ်းစာကို သေချာနှံ့စပ်စွာ လေ့လာဆည်းပူးကြသည်။ ကယ်တင်ခြင်းနှင့်ဆိုင်သောဩဝါဒ (Doctrine of Salvtion) ကို လေ့လာကြရသည်။ ကယ်တင်ခြင်းအကြောင်းများကို စနစ်တကျသိသွားကြသည်။ သို့သော် ကယ်တင်ခြင်းသို့ မရောက်ပါ။

**"သင်ဟာ ကယ်တင်ခြင်းအကြောင်းသိသူလား?"**

**"သင်ဟာ ကယ်တင်ခြင်းသို့ ရောက်သူလား?"**

တချို့ကလည်း ရက်တိုရက်ရှည်ကျမ်းစာသင်တန်းများအားဖြင့် အကြောင်းသိသွားကြပါသည်။ တချို့က ကယ်တင်ခြင်းအကြောင်း အလွတ်ပြောတတ်ပါသည်။ ကယ်တင်ခြင်းအကြောင်းသိလို့၊ ပြောတတ်လို့ သူဟာ ကယ်တင်ခြင်းသို့ရောက်သူလို့ သတ်မှတ်လို့မရပါဘူး။ (မှတ်ချက်-ကြက်တူရွေးလည်း သင်ပေးရင် ပြောတတ်မှာပါ)

ထို့ကြောင့် ချစ်စွာသော စာဖတ်သူ ဓမ္မမိတ်ဆွေရဲ့အသက်တာမှာ ကယ်တင်ခြင်းနှင့် ကယ်တင်ရှင်ကွဲပြားပါစေ။

**ကယ်တင်ရှင် (Saviour)**

**"သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ" (၁ယော ၅း၁၂)။** ကယ်တင်ရှင်(ယေရှု) ကိုရမှ ထာဝရအသက်ကိုရမည်ဖြစ်ပါသည်။ ကယ်တင်

ခြင်းအကြောင်းသိရုံနှင့် ထာဝရအသက် မရပါ။ ထာဝရအသက်ဆိုသည်မှာ ကယ်တင်ရှင် (ယေရှု) နှင့် အတူပါလာသောအရာဖြစ်ပါသည်။ ကယ်တင်ခြင်းနှင့်ဆိုင်သောဩဝါဒ (Doctrine of Salvation) တွင် ပါလာသော အရာမဟုတ်ပါ။ ယနေ့ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် မြင်တွေ့ကြားနေရသောအရာမှာ ကယ်တင်ခြင်းနှင့်ဆိုင်သော အကြောင်းများဖြစ်နေပါသည်။

တချို့ကလည်း ကယ်တင်ခြင်းရပြီးလျှင် ကောင်းသောအကျင့်မှာ ကျင်လည်ရမည်။ ကောင်းသောအကျင့်မရှိလျှင် ကယ်တင်ခြင်းမရသေးဟု သတ်မှတ်ကြသည်။

တချို့ကလည်း ကယ်တင်ခြင်းရပြီးလျှင် အပြစ်လွှတ်ဖို့တောင်းပန်စရာမလို၊ ထိုသို့တောင်းပန်နေသေးလျှင် ထိုသူသည် ကယ်တင်ခြင်းမရသေး။

တချို့ကလည်း ကယ်တင်ခြင်းရပြီးလျှင် အခြားသောဘာသာစကားပြောရမည်။ အခြားသောဘာသာစကားမပြောလျှင် ကယ်တင်ခြင်းမရသေးစသဖြင့် ကယ်တင်ခြင်းကို အသက်တာနှင့်ခိုင်းနှိုင်းပြောဆိုခြင်းများ ကြားရပါသည်။

ထိုသူတို့သည် ကယ်တင်ခြင်းနှင့်ဆိုင်သောအကြောင်းများကိုတော့ သိနေကြပါသည်။ သို့သော် ထိုသူတို့သည် ထာဝရအသက်ရ၊ မရ စာရေးသူမသိပါ။ သူတို့ကို စာရေးသူအနေနှင့် စီရင်စရာလည်းမလိုပါ။ သို့သော် ချစ်စွာသော စာဖတ်သူဓမ္မမိတ်ဆွေ ယနေ့ဝေငှလိုသော အဓိကအချက်မှာ ကယ်တင်ရှင် (ယေရှု) သာ အရေးကြီးဆုံးဖြစ်ပါသည်။ သင့်ရဲ့အသက်တာအတွက် ကယ်တင်ရှင်သာ အဓိကဖြစ်ပါစေ။ ထပ်မံ၍ သတိပေးလိုပါသည်။

**"သားတော်ကိုရသောသူသည် အသက်ကိုရ၏။"**

**"ငါသည် အသက်မုန့်ဖြစ်၏။"**

**"သင်တို့သည် အသက်ကိုရအောင် ငါ့ထံသို့လာခြင်းငှာ အလိုမရှိကြ"**

ကယ်တင်ခြင်းနှင့်ဆိုင်သောဩဝါဒ (Doctrine of Salvation) အားဖြင့် ကယ်တင်ခြင်းသို့ မရောက်ပါ။ ကယ်တင်ရှင် (ယေရှု) အားဖြင့်သာ ကယ်တင်ခြင်းသို့ရောက်ပါလိမ့်မည်။

**ချစ်စွာသောစာဖတ်သူ မိတ်ဆွေရဲ့အသက်တာမှာ ကယ်တင်ခြင်းနှင့် ကယ်တင်ရှင်ကွဲပြားပါစေ။**

**ကယ်တင်ရှင်(ယေရှု)အားဖြင့်ကယ်တင်ခြင်း စိတ်ချမှုရသောသူဖြစ်ပါစေ။**